# အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာတင်ပြသည့် စာတမ်း

## နိဒါန်း

အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သမိုင်းဟုခေါ်သည့် အမေရိကန်သမ္မတနိုင်ငံ ဖြစ်ပေါ်လာမည့် နောက်ခံသမိုင်းကြောင်းနှင့် အမေရိကန်ပြည်ထောင်စုအတွင်း၌ မတူကွဲပြားသော လူမျိုးများနှင့် မတူကွဲပြားသောပြည်နယ်များကို ဖက်ဒရယ်ပုံစံဖြင့် ဖွဲ့စည်းပြီး ခိုင်မာသော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်ပါအတိုင်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ပိုင်းခြားလျက် အပြန်အလှန်ထိန်းကျောင်းသောစနစ်ကို ဖော်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်နှင့် တရားစီရင်ရေးနှင့် ထိန်းကျောင်းသော တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းရှုထောင့်မှ လေ့လာသုံးသပ်လျက် တင်ပြမည်ဖြစ်ပါသည်။

## ၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ

နယ်မြေသစ်ကိုရှာဖွေသော ဥရောပနိုင်ငံသား ခရစ်တိုဖာကိုလမ်ဘတ်စ် (Christopher Columbus) သည် မြောက်အမေရိကတိုက်နှင့် အမေရိကတိုက်ဒေသခံများကို တွေ့ရှိခဲ့ပါသည်။ ထို့နောက် စပိန်လူမျိုးတို့က အမေရိကန်အရှေ့တောင်ပိုင်း ဖလော်ရီဒါနယ်ကို စတင် ကိုလိုနီပြုခဲ့ပြီး တက္ကဆက်နှင့် အနောက်ပိုင်းဒေသများအထိ လည်းကောင်း၊ ပြင်သစ်တို့က အရှေ့တောင်ပိုင်းရှိ လူဝီစီယားနားနယ်အထိလည်းကောင်း ကိုလိုနီပြုခဲ့ပါသည်။ ၁၆၂၀ ပြည့်နှစ်တွင် အင်္ဂလိပ်တို့သည် ကိုလိုနီတည်ထောင်မှုကို နယူးအင်္ဂလန်နယ်၌ စတင်ခဲ့သည်။ ဒတ်ချ်၊ ဆွီဒင်၊ ဂျာမဏီလူမျိုးများမှလည်း မြောက်အမေရိကတိုက်တွင်း ကိုလိုနီနယ်များ တည်ထောင်သကဲ့သို့ ဗြိတိသျှတို့မှလည်း အမေရိကန်ပြည်ထောင်စုအရှေ့ပိုင်းရှိ ပြည်နယ်(၁၃) ပြည်နယ်ကို ကိုလိုနီပြုခဲ့သည်။ ထိုအချိန်မှစ၍ အမေရိကတိုက်ရှိ ပြည်နယ် (၁၃) ပြည်နယ်သည် အင်္ဂလန်နိုင်ငံ၏ ထိန်းချုပ်မှုအောက်တွင် ရှိခဲ့သည်။

၁၇၆၀ ပြည့်နှစ်တွင် အင်္ဂလန်ဘုရင်မှ ကိုလိုနီနယ်များအပေါ် ဖိနှိပ်သော ဥပဒေများ၊ အခွန်များနှင့် ကုန်သွယ်မှုကန့်သတ်မှုများကြောင့် ပြည်နယ် (၁၃) ပြည်နယ်မှ ဗြိတိသျှတို့အား တော်လှန်ခဲ့ကြသည်။ ၁၇၇၆ ခုနှစ် ဇူလိုင် (၄) ရက်တွင် ဗြိတိသျှတို့သည် ပြည်နယ် (၁၃) ပြည်နယ်ကို **လွတ်လပ်ရေးကြေညာခဲ့ပြီး** the United States of America ဟု

ပေါ်ပေါက်လာခဲ့ပါသည်။ ၁၇၇၇ ခုနှစ် ပြည်နယ်များအားလုံးကို စုစည်း၍ လိုက်နာရမည့် အခြေခံဥပဒေ (Articles of Confederation) ကို မူကြမ်း ရေးဆွဲခဲ့သည်။ ၁၇၈၁ ခုနှစ်တွင် အဆိုပါဥပဒေကို အတည်ပြုခဲ့ပါသည်။

၁၇၈၇ ခုနှစ်တွင် ပြည်နယ် (၁၂) ပြည်နယ်မှ ကိုယ်စားလှယ်များပါဝင်သော ညီလာခံကို ကျင်းပပြီး George Washington ကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ပြည်နယ်ဥပဒေပြုအဖွဲ့များက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို သဘောတူညီခဲ့ပြီး ၁၇၈၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ၁၉၉၂ ခုနှစ်အထိ (၂၇) ကြိမ်တိုင် ပြင်ဆင်ခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယနေ့အချိန်ထိဆိုလျှင် နှစ်ပေါင်း နှစ်ရာကျော်ခန့်ရှိပြီး ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံး ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုကို စတင်ဖွဲ့စည်းစဉ်က ပြည်နယ် (၁၃) ပြည်နယ်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄ ပုဒ်မ ၃ အရ ပြည်ထောင်စုလွှတ်တော် (Congress) ၏ ခွင့်ပြုချက်ဖြင့် ပြည်နယ်အသစ်များကို အမေရိကန်ပြည်ထောင်စုအတွင်း ဖွဲ့စည်းခွင့်ပေးထားပါသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ် (၅၀)၊ ဖက်ဒရယ်ခရိုင်တစ်ခု (Washington, D.C., the capital city of the United States)၊ ဒေသ (၅) ခု နှင့် ကျွန်းငယ်များပါဝင်သည်။

## ၂။ ဖက်ဒရယ်စနစ်ကျင့်သုံးခြင်း

ဖက်ဒရယ်စနစ်ဆိုသော စကားရပ်သည် Latin ဘာသာစကား၊ *Foedus* ဆိုသော စကားရပ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ယင်း၏အဓိပ္ပာယ်မှာ အများသဘောတူညီသော စာချုပ်၊ သဘောတူညီချက်ဖြစ်သည်။ ဖက်ဒရယ်စနစ်သည် ဖက်ဒရေးရှင်းခေါ် ပြည်နယ်အများစု ပေါင်းစုဖွဲ့စည်းထားသော ပြည်ထောင်စုပုံစံ ဖြစ်သည်။ ဖက်ဒရယ်စနစ်သည် ဒီမိုကရေစီဆိုင်ရာ စည်းမျဉ်းများနှင့် အဖွဲ့အစည်းများအပေါ် အခြေခံထားသော စနစ်တစ်ခုဖြစ်ပြီး ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာများကို မျှဝေသုံးစွဲသည့် စနစ်ဖြစ်ပါသည်။

ပြင်သစ်ဥပဒေပညာရှင် Montesquieu သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့အကြား အာဏာများကို ပိုင်းခြားကျင့်သုံးဆောင်ရွက်ရန် (Doctrine of Separation of Powers) ကို ၎င်း၏ ၁၇၄၇ ခုနှစ်တွင် ထုတ်သည့် 'Espirit des Louis' (The spirit of the laws) စာအုပ်တွင် ရေးသားခဲ့ပါသည်။ “When the

legislative and executive powers are united in the same person, or in the same body or Magistrate, there can be no liberty. Again, there is no liberty if the judicial power is not separated from the Legislative and Executive power. Where it joined with the legislative power, the life and liberty of the subject would be exposed to arbitrary control, for the judge would then be the legislator. Where it joined with the executive power, the judge might behave with violence and oppression. There would be an end of everything were the same man or the same body to exercise these three powers...”

ဗြိတိသျှအစိုးရတို့သည် ၎င်း၏ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးရမည့် လုပ်ငန်းစဉ်များ၌ လွတ်လပ်ပြီးသောနိုင်ငံများသည် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းသင့်သည်ဟု တိုက်တွန်းခဲ့ကြောင်း၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးတွင် အားနည်းဖွယ်ရှိသော နိုင်ငံငယ်များသည် ဖက်ဒရယ်အစိုးရနှင့် အာဏာခွဲဝေကျင့်သုံးခြင်းဖြင့် အကျိုးပိုရှိနိုင်ကြောင်း ဒုတိယကမ္ဘာစစ်ပြီးခေတ် ဗြိတိသျှနိုင်ငံရေးခေါင်းဆောင်များက ယူဆခဲ့သည်ဟု လေ့လာတွေ့ရှိခဲ့ရပါသည်။[၁]

သို့ဖြစ်ပါ၍ အမေရိကန်ပြည်ထောင်စုသည် Montesquieu ၏ သီအိုရီ သဘောတရားကို ကျင့်သုံး၍ ဗဟိုအစိုးရတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာ (၃) ရပ်ကို ပိုင်းခြားကျင့်သုံးပြီး ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ အကြားတွင်လည်း အာဏာများကိုခွဲဝေကျင့်သုံးသည့် ပထမဆုံးသော ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုံစံဆောင်သည့် ပြည်နယ်များအားလုံးကိုစုစည်း၍ လိုက်နာရမည့် အခြေခံဥပဒေ (Articles of Confederation) ကို ၁၇၈၁ ခုနှစ်တွင် အတည်ပြုခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြည်နယ်များအားလုံးကိုစုစည်း၍ လိုက်နာရမည့် အခြေခံဥပဒေ (Articles of Confederation) သည် ဗဟိုအစိုးရထက် ပြည်နယ်များကို လုပ်ပိုင်ခွင့် ပိုမိုပေးအပ်ထားသည်။ ပြည်နယ်အသီးသီးသို့ ကိုယ်ပိုင်ငွေကြေး ထုတ်ပိုင်ခွင့်ပေးအပ်ထားခြင်းကြောင့် ငွေကြေးမညီမျှမှုများဖြစ်ပေါ်ခြင်း၊ ဗဟိုအစိုးရသည် ပြည်နယ်များအကြား ကုန်သွယ်မှုလုပ်ငန်းများကို ထိန်းချုပ်ခွင့်အာဏာမရှိသည့်အပြင် ပြည်နယ်တစ်ခု၏ ထုတ်ကုန်များကို အခြားပြည်နယ်များအား အခွန်ကောက်ခံခွင့်ပေးခဲ့ခြင်း၊ အဆိုပါကိစ္စရပ်များသည်

[၁] မောင်ဝံသရေးသားသည့် ခေတ်မီနိုင်ငံရေးဝေါဟာရအဘိဓာန် (A modern Dictionary of Political Terms)၊ ၂၀၁၁၊ စာ-၁၉၄။

ပြည်နယ်ချင်းကုန်သွယ်မှုများတွင် အဟန့်အတားများ ဖြစ်ပေါ်ခဲ့သည်။ ဗဟိုအစိုးရသည် ပြည်နယ်များသို့ **အခွန်ကောက်ခံခွင့်မရှိခြင်း**ကြောင့် တိုင်းပြည်၏ တော်လှန်ရေးကာလအတွင်း စစ်ကြွေးများ မြင့်တက်လာပြီး ဗဟိုအစိုးရတွင် မတည်ငွေကြေးမှာ လျော့နည်းလာခဲ့သည်။ သို့ဖြစ်၍ ပြည်နယ်များအားလုံးကိုစုစည်း၍ လိုက်နာရမည့် အခြေခံဥပဒေ (Articles of Confederation) အရ ဖန်တီးခဲ့သော ဖက်ဒရယ်အစိုးရသည် အားနည်းချက်များရှိကြောင်း သိရှိခဲ့ကြပါသည်။

ထို့နောက် ခိုင်မာသည့် ဖက်ဒရယ်အစိုးရတစ်ရပ်ကို တည်ထောင်ရန်နှင့် တိုင်းပြည်၏ အချုပ်အခြာအာဏာကို မထိခိုက်စေသော လုပ်ပိုင်ခွင့်များကို ပြည်နယ်များသို့ ခွဲဝေပေးရန် ၁၇၈၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ညီလာခံ (Constitutional Convention) ပြုလုပ်၍ ရေးဆွဲပြီး ပြဋ္ဌာန်းခဲ့ပါသည်။

၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဖက်ဒရယ်စနစ်အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကို ပြည်ထောင်စုအစိုးရတွင် ပိုင်းခြားကျင့်သုံးသည်။ ပြည်နယ်တစ်ခုချင်းစီတွင် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ (sub-state constitution) ဖြင့် အဆိုပါအာဏာ (၃) ရပ်ကို ထပ်မံခွဲဝေအပ်နှင်းပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ (၁၀) ကြိမ်မြောက် ပြင်ဆင်ချက်အရ ဖက်ဒရယ်အစိုးရသို့ ပေးအပ်ထားခြင်းမရှိသည့် ကြွင်းကျန်အာဏာများကို ပြည်နယ်အစိုးရ သို့မဟုတ် ပြည်သူသို့ ပေးအပ်နိုင်ကြောင်း[၂] ပြဋ္ဌာန်းထားခြင်းကြောင့် ပြည်နယ်များသို့ အာဏာများခွဲဝေကြောင်း တွေ့ရှိရပါသည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသဦးစီး အဖွဲ့များသို့ ပေးအပ်ထားခြင်းမရှိသော ဥပဒေပြုခွင့်အာဏာများကို ပြည်ထောင်စု လွှတ်တော်သို့ ကြွင်းကျန်အာဏာအဖြစ် ပေးအပ်ထားသည့် ပြဋ္ဌာန်းချက်ပါရှိပါသည်။

၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဖက်ဒရယ်စနစ်သည် အာဏာကျင့်သုံးခြင်း လွန်ကဲမှုမဖြစ်စေရန် အဖွဲ့အစည်းတစ်ရပ်နှင့်တစ်ရပ် အပြန်အလှန်ထိန်းညှိသည့် သဘောတရားများ ပါဝင်သည်။ ဥပမာအားဖြင့် ဥပဒေပြုအဖွဲ့က သဘောတူခွင့်ပြုပြီးသော ဥပဒေကြမ်းတစ်ရပ်ကို သမ္မတက ဗီတိုအာဏာဖြင့် ပယ်ချနိုင်သကဲ့သို့ ထိုသို့ ဗီတိုအာဏာဖြင့် ပယ်ချမှုကို အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House of Representatives) စသည့် လွှတ်တော်နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော် (Congress) က သုံးပုံနှစ်ပုံ

---

[၂] Amendment X provides that "The Powers not delegated to the United State by the Constitution, nor prohibited by it to the States, are reserved to the States respectively, or to the people.

ဆန္ဒမဲဖြင့် ပြန်လည်ပယ်ဖျက်နိုင်ပါသည်။ အဆိုပါ ဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိပါက တရားစီရင်ရေးအဖွဲ့မှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း အဆုံးအဖြတ်ပေးနိုင်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် Judicial Review mechanism (တရားစီရင်ရေးပြန်လည်သုံးသပ်ခြင်းယန္တရား)ကို တည်ထောင်ထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်စနစ်ကို ကျင့်သုံး၍ အာဏာများကို တိကျစွာပိုင်းခြားထားပြီး အဖွဲ့အစည်းတစ်ရပ်၏ အာဏာလွန်ကဲမှုကို အခြားအဖွဲ့အစည်းများမှ ဝင်ရောက်စွက်ဖက်ခြင်းမျိုး မဟုတ်ဘဲ အပြန်အလှန်ထိန်းညှိပေးသည့်စနစ် (check and balance system) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏လွှမ်းမိုးမှု (supremacy of constitution) သဘောတရားအပေါ် အခြေခံထားခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

**၃။ ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသေးစိတ်လေ့လာတင်ပြခြင်း**

အမေရိကန်ပြည်ထောင်စုတွင် ၁၇၈၁ ခုနှစ် ပြည်နယ်များ အားလုံးကို စုစည်း၍ လိုက်နာရမည့်အခြေခံဥပဒေ (Articles of Confederation) နှင့် ၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပါသည်။

**(က) Articles of Confederation**

ယခုကျင့်သုံးလျက်ရှိသော ၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြဋ္ဌာန်းမီ ၁၇၈၁ ခုနှစ်က အတည်ပြုခဲ့သည့် ပြည်နယ်များအားလုံးကိုစုစည်း၍ လိုက်နာရမည့် အခြေခံဥပဒေ (Articles of Confederation) သည် အမေရိကန်တို့၏ ပထမဆုံးသော အခြေခံဥပဒေ ဖြစ်ပြီး အပိုဒ်ပေါင်း (၁၃) ပိုဒ်ဖြင့် ပြဋ္ဌာန်းခဲ့သည်။

ပြည်နယ်များအားလုံးကို စုစည်း၍ လိုက်နာရမည့်အခြေခံဥပဒေ (Articles of Confederation) သည် အာဏာများကို ပိုင်းခြားကျင့်သုံးရာတွင် တိကျမှုမရှိကြောင်း တွေ့ရှိရပါသည်။ ပြည်ထောင်စုတွင် ဗဟိုဥပဒေပြုအဖွဲ့ (Congress) ကို လွှတ်တော်တစ်ရပ်ဖြင့် ဖွဲ့စည်းထားသော်လည်း ဗဟိုအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးသည် အမြဲတမ်းဖွဲ့ထားသော အဖွဲ့အစည်းမဟုတ်ကြောင်း တွေ့ရှိရပါသည်။ ပြည်နယ်များ အားလုံးကို စုစည်း၍ လိုက်နာရမည့်အခြေခံဥပဒေ (Articles of Confederation) အရ ပြည်နယ်အသီးသီးသို့ အချုပ်အခြာအာဏာ၊ လုပ်ပိုင်ခွင့်နှင့် စီရင်ပိုင်ခွင့်များ ပေးအပ်ထားသော်လည်း

ပြည်ထောင်စုသို့ တိကျစွာပေးအပ်ထားခြင်း မရှိကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။[၃]

ဗဟိုအစိုးရသည် အုပ်ချုပ်ရေးတွင် ပြည်နယ်တစ်ခုချင်းစီမှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ကော်မတီတစ်ရပ်ဖွဲ့စည်းထားသည်။ ပြည်နယ်အစိုးရများသို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ လုပ်ပိုင်ခွင့်များအပြင် အခွန်စည်းကြပ်ခြင်းနှင့် ကုန်သွယ်ခြင်း စသည့်လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်ထားသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့်နိုင်ငံခြားရေးရာကိစ္စရပ်များကို ဗဟိုဥပဒေပြုအဖွဲ့ (Congress) သို့ လုပ်ပိုင်ခွင့်ပေးအပ်ထားပါသည်။

တရားစီရင်ရေးတွင် ဗဟိုဥပဒေပြုလွှတ်တော် (Congress) သည် ပြည်နယ်များအကြား နယ်နမိတ်အငြင်းပွားမှုနှင့်စပ်လျဥ်း၍ စီရင်ပိုင်ခွင့်ရှိပြီး နောက်ဆုံးအယူခံဝင်ခွင့်ရှိသည့်နေရာဖြစ်သည့်အပြင် နိုင်ငံတကာပင်လယ်ပြင်တွင် အမှုများဖြစ်ပွားလျှင် တရားရုံးများ ဖွဲ့စည်းခွင့်ရှိပါသည်။

တရားစီရင်ရေးတွင် ပြည်ထောင်စုလွှတ်တော် (Congress) က ပါဝင်နေခြင်းကြောင့် လွတ်လပ်သောတရားစီရင်ရေးမျိုး မဟုတ်သည့်အပြင် Political Quasi-Judicial Review လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းဖြစ်ကြောင်း သုံးသပ်တွေ့မြင်ပါသည်။ အုပ်ချုပ်ရေးပိုင်းတွင်လည်း တိကျစွာ ပြဋ္ဌာန်းထားခြင်းမရှိဘဲ ကန့်သတ်ထားသည်။ ဤဥပဒေသည် တိကျစွာအာဏာခွဲဝေခြင်းမရှိသည့် အမေရိကန်၏ ကနဦးဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်ကို တွေ့ရှိရပါသည်။

ပြည်နယ်များ အားလုံးကို စုစည်း၍ လိုက်နာရမည့်အခြေခံဥပဒေ (Articles of Confederation) အရ ဖက်ဒရယ်အစိုးရသည် နိုင်ငံများကိုဦးဆောင်ရာတွင် အားနည်းချက်များတွေ့ရှိခဲ့ရပြီး အမေရိကန်နိုင်ငံ၏အရှည်တည်တံ့ခိုင်မြဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကိုရေးဆွဲရန် လိုအပ်လာသည်ကိုတွေ့ရှိ၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

---

[၃] Article II of the Articles of Confederation: Each State retain its Sovereignty, freedom and independence, and every power, Jurisdiction and right, which is not by this confederation expressly delegated to the United States in Congress assembled.

## (ခ) ၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (United States of America's Constitution of 1789)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံကို ၁၇၈၇ ခုနှစ် မေလ ၂၅ ရက်နေ့မှ စက်တင်ဘာလ ၁၇ ရက်နေ့အထိ Philadelphia တွင် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းညီလာခံကြီးက ပြည်နယ်များ အားလုံးကို စုစည်း၍ လိုက်နာရမည့်အခြေခံဥပဒေ (Articles of Confederation) အရ တည်ထောင်ထားသော အမေရိကန်ပြည်ထောင်စုကို ပြုပြင်ပြောင်းလဲရန် ယခင်ကထက်ပိုမိုကောင်းမွန်သည့် အစိုးရမူဘောင်တစ်ခု ချမှတ်ရန် ရည်ရွယ်ခဲ့ကြသည်။ ယင်းညီလာခံကြီးကို Philadelphia ပြည်နယ်ရှိ Pennsylvania အိမ်တော်တွင် ကျင်းပခဲ့သည်။ ယင်းညီလာခံကြီးသို့ ပြည်နယ်များမှ ကိုယ်စားလှယ် စုစုပေါင်း (၇၄) ဦး တက်ရောက်ရန် ခန့်အပ်ခဲ့သော်လည်း (၅၅) ဦးသာ အမှန်တကယ် တက်ရောက်ခဲ့ကြသည်။ ယင်းညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များက Virginia Plan, New Jersey Plan နှင့် Hamilton's Plan တို့ကို တင်ပြဆွေးနွေးခဲ့ကြသည်။ ယင်းညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမဦးဆုံး မူကြမ်းကို ၁၇၈၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် လက်ခံအတည်ပြုခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ်စားလှယ် ၃၉ ဦးက ၁၇၈၇ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇ အရ ပြည်နယ် (၁၃) ပြည်နယ်မှ (၉) ပြည်နယ်က ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုမှသာ အာဏာသက်ရောက်မည် ဖြစ်ပါသည်။ ထို့ကြောင့် ၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်နယ် (၉) ပြည်နယ်က အတည်ပြုပြီးနောက် စတင်အာဏာသက်ဝင်ခဲ့သည်။

၁၇၈၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပိုဒ် (၇) ပိုဒ်၊ ပုဒ်မပေါင်း (၂၁) ခု နှင့် ပြင်ဆင်ချက် (၂၇) ခု တို့ပါဝင်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများကို ခွဲဝေပေးအပ်ထား ပါသည်။

၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ (၃) ရပ်ကို ပိုင်းခြားခြင်း (Separation of Powers) ကို ကျင့်သုံးသည့်အပြင် အဖွဲ့အစည်းတစ်ရပ်၏ လုပ်ပိုင်ခွင့်များကို အခြားအဖွဲ့အစည်းက ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဟုတ်ဘဲ အာဏာကျင့်သုံးမှု လွန်ကဲမှုမဖြစ်စေရန် အပြန် အလှန်ထိန်းကျောင်းမှု (check and balance system) ဖြင့် ထိန်းချုပ်ခြင်းတို့သည်

Montesquieu ၏ သီအိုရီသဘောတရားကို အခြေခံထားသည်ကို လေ့လာတွေ့ရှိရပါသည်။

**ဥပဒေပြုရေး**တွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ ပါဝင်သော ပြည်ထောင်စုလွှတ်တော် (Congress) သို့ အာဏာပေးအပ်ထားပါသည်။ ပြည်ထောင်စုလွှတ်တော် (Congress) သည် ပြည်ထောင်စုဥပဒေများပြဋ္ဌာန်းခြင်း၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာကိစ္စများ၊ အခွန်ကောက်ခံခြင်း၊ နိုင်ငံခြားရေးရာကိစ္စများ၊ လက်နက်ကိုင်တပ်ဖွဲ့များဖွဲ့စည်းခြင်း၊ ထောက်ပံ့ခြင်းနှင့် တရားရုံးများဖွဲ့စည်းခြင်း စသည့်ကိစ္စများကို ဆောင်ရွက်ခွင့်ရှိသည်ကို တွေ့ရှိရပါသည်။

**အုပ်ချုပ်ရေး**တွင် သမ္မတသည် နိုင်ငံတော်အကြီးအကဲနှင့် အုပ်ချုပ်ရေး အစိုးရအဖွဲ့ အကြီးအကဲဖြစ်သည့်အပြင် ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်ပါသည်။ သမ္မတသည် အုပ်ချုပ်ရေးပိုင်းကို ကြီးကြပ်ခြင်း၊ ဖက်ဒရယ်ဥပဒေများကို အတည်ပြုပြဋ္ဌာန်းခြင်း၊ ထုတ်ပြန်ခြင်း၊ စစ်တပ်ကို ကွပ်ကဲအုပ်ချုပ်ခြင်းနှင့် နိုင်ငံခြားရေးမူဝါဒများ အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်အာဏာရှိသည်။ သို့ဖြစ်၍ ပြည်ထောင်စုအစိုးရက ကာကွယ်ရေးနှင့် နိုင်ငံခြားရေးမူဝါဒကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်များက ပြည်သူ့စစ်မှုထမ်း (Militia) နှင့် ရဲတပ်ဖွဲ့ ဖွဲ့စည်းခွင့်ရှိသည်။

**တရားစီရင်ရေးကဏ္ဍ** တရားစီရင်ရေးတွင် တရားလွှတ်တော်ချုပ်သည် အမြင့်ဆုံးဖြစ်ပြီး မူလတရားရုံးများကို ဖွဲ့စည်းထားရှိပါသည်။ တရားစီရင်ရေးကဏ္ဍတွင်ရှိသော ဖက်ဒရယ်တရားသူကြီးများကို သမ္မတကအဆိုပြုပြီး ပြည်ထောင်စုလွှတ်တော် (Congress) က ခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို မူလတရားရုံးမှတစ်ဆင့် တရားလွှတ်တော်ချုပ်က စီရင်ဆုံးဖြတ်နိုင်သည်။[၄] တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

သို့ဖြစ်ပါ၍ ၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခိုင်မာသည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်စေရန် ရည်ရွယ်ရေးဆွဲပြဋ္ဌာန်းထားခြင်းကြောင့် အာဏာများကို တိကျစွာ ခွဲဝေပြဋ္ဌာန်းထားပြီး Montesquieu ၏ သီအိုရီသဘောတရားများကို အခြေခံထားသည်ကို တွေ့ရှိရပါသည်။

---

[၄] Decentralized System

## ၄။ နိုင်ငံတော်အာဏာကိုပိုင်းခြားကျင့်သုံးခြင်း

အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီးရင်ရေးတို့ကို တိကျစွာပိုင်းခြားထားပြီး လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

### (က) ဥပဒေပြုရေး

ဥပဒေပြုပိုင်ခွင့်အာဏာများကို အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House of Representatives) တို့ပါဝင်သော ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည်။

**အထက်လွှတ်တော် (Senate)** ကို ပြည်နယ်တစ်ခုချင်းစီမှ ကိုယ်စားလှယ်နှစ်ဦးစီဖြင့် ဖွဲ့စည်းပြီး အဆိုပါပြည်နယ်မှ ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ လွှတ်တော်၏သက်တမ်းသည် (၆) နှစ် ဖြစ်သည်။ အဆိုပါ လွှတ်တော်သက်တမ်း (၆) နှစ် အတွင်းတွင် နှစ်နှစ်တစ်ကြိမ် ကိုယ်စားလှယ် ၃ ပုံ ၁ ပုံကို ပြန်လည်ရွေးကောက်တင်မြှောက်သည်။ အထက်လွှတ်တော် ကိုယ်စားလှယ်များသည် အသက် (၃၀) နှစ်ပြည့်ပြီးသော အမေရိကန်နိုင်ငံသားအဖြစ် (၉) နှစ် သက်တမ်းရှိပြီးသူ ဖြစ်ရမည်။ သက်ဆိုင်ရာပြည်နယ်အတွင်း အခြေချနေထိုင်သူ ဖြစ်ရမည့်အပြင် ရွေးကောက်တင်မြှောက်ချိန်တွင် အဆိုပါပြည်နယ်အတွင်း အခြေချနေထိုင်နေသူဖြစ်ရမည်။ အမေရိကန်ပြည်ထောင်စု၏ ဒုတိယသမ္မတသည် အထက်လွှတ်တော်၏ ဥက္ကဋ္ဌ ဖြစ်သည်။

**အောက်လွှတ်တော် (House of Representatives)** တွင် ကိုယ်စားလှယ် ၄၃၅ ဦး ပါဝင်ပြီး ပြည်နယ်များ အတွင်းရှိ လူဦးရေကိုအခြေခံ၍ နှစ်နှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်ကိုယ်စားလှယ်များသည် အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ရမည်ဖြစ်ပြီး အမေရိကန်နိုင်ငံသားအဖြစ် (၇) နှစ် သက်တမ်းရှိပြီးဖြစ်ရမည်။ အောက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်တွင် အဆိုပါပြည်နယ်တွင်း အခြေချနေထိုင်သူဖြစ်ရမည်။

**Congress** လွှတ်တော်သည် အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House of Representatives) စသည့် လွှတ်တော်နှစ်ရပ်ပေါင်း၍ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ Congress လွှတ်တော်သို့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များတွင် ကုန်သွယ်မှု၊ အခွန်စည်းကြပ်ခြင်း၊ စစ်ကြေညာခြင်း၊ မူလတရားရုံးများ တည်ထောင်ခြင်း၊

ငွေကြေးသတ်မှတ်ခြင်းနှင့် စာတိုက်ရုံးများ တည်ထောင်ခြင်းတို့ပါဝင်သည်။ အခွန်တိုးမြှင့်ခြင်းဥပဒေကြမ်းများကို အောက်လွှတ်တော်တွင် စတင် တင်သွင်းရသည်။ အခြားဥပဒေကြမ်းများကို ပုံမှန်နည်းလမ်းများအတိုင်း စတင် တင်သွင်းရသည်။ အထက်လွှတ်တော်၏ အပြီးသတ်အာဏာများတွင် သမ္မတခန့်အပ်မှုကို အတည်ပြုခြင်းနှင့် နိုင်ငံတကာနှင့် စာချုပ်ချုပ်ဆိုမှုများကို အတည်ပြုခြင်းတို့ ပါဝင်သည်။

ဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များကသာ စတင်တင်သွင်းရသည်။ လွှတ်တော်တစ်ခုချင်းစီတွင် ကိုယ်စားလှယ်အများစုတက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။ ဥပဒေကြမ်းများကို လွှတ်တော်နှစ်ရပ်စလုံးက အများစုဆန္ဒမဲဖြင့် အတည်ပြုပြီး သမ္မတက သဘောတူထောက်ခံအတည်ပြုနိုင်သည်။ ထို့အတူ သမ္မတသည် ဥပဒေကြမ်းကို ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည်။ သို့သော် သမ္မတ၏ ဗီတိုအာဏာကို လွှတ်တော်နှစ်ရပ်စလုံး၏ ၃ ပုံ ၂ ပုံ ဆန္ဒမဲဖြင့် ပယ်ဖျက်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များကို အဆိုပြုခြင်း၊ စာချုပ်များကို အတည်ပြုခြင်းနှင့် စွပ်စွဲပြစ်တင်ခြင်း စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အတည်ပြုရန် အထက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ၃ ပုံ ၂ ပုံ ဆန္ဒမဲရရှိရန် လိုအပ်ပါသည်။

**(ခ) အုပ်ချုပ်ရေး**

အုပ်ချုပ်ရေးတွင် သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်သည့်အပြင် အစိုးရအဖွဲ့အကြီးအကဲလည်းဖြစ်သည်။ လက်နက်ကိုင်တပ်ဖွဲ့များနှင့် နိုင်ငံခြားရေးကိစ္စရပ်များတွင် အာဏာအပြည့်အဝရှိသည်။ အနည်းဆုံး အသက် ၃၅ နှစ်ပြည့်သော အမေရိကန်မိဘနှစ်ပါးမှ မွေးဖွားပြီး အမေရိကန်နိုင်ငံတွင် (၁၄) နှစ်ကြာ အခြေကျနေထိုင်သော အမေရိကန်နိုင်ငံသားများသည် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။ နိုင်ငံရေးပါတီကြီး နှစ်ခုထဲမှတစ်ခု၏ အကြီးအကဲလည်း ဖြစ်သည်။ သမ္မတ၏ရာထူးသက်တမ်းသည် (၄) နှစ်ဖြစ်သည်။

ပြည်သူများသည် သမ္မတကို ရွေးချယ်ရာတွင် တိုက်ရိုက်ရွေးချယ်ခြင်း မဟုတ်ပေ။ ပြည်နယ်များမှသမ္မတနှင့် ဒုတိယသမ္မတတို့ကို ရွေးချယ်ရန်ဖွဲ့စည်းထားသော မဲဆန္ဒရှင်ကိုယ်စားလှယ်အဖွဲ့ (Electoral College) မှတစ်ဆင့် သမ္မတကို ရွေးချယ်ရပါသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုဥပဒေပြုလွှတ်တော်တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အဆိုပါကိုယ်စားလှယ်အဖွဲ့၏ အရေအတွက်သည်

ပြည်ထောင်စုဥပဒေပြုအဖွဲ့တွင်ရှိသော ကိုယ်စားလှယ်ဦးရေနှင့် အရေအတွက်ခြင်း တူညီရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၊ ပုဒ်မ ၂ အရ သမ္မတသည် လက်နက်ကိုင် တပ်ဖွဲ့များဖြင့် ကာကွယ်ရေးဦးစီးချုပ်ဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းများကို ဆင့်ခေါ်နိုင် သည်။ သမ္မတသည် အုပ်ချုပ်ရေးဆိုင်ရာဌာနများကို ကြီးကြပ်ခြင်း၊ ပြစ်ဒဏ်လျှော့ပေါ့ ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းတို့ကို ထုတ်ပြန်ခွင့်ရှိသည်။ စွပ်စွဲပြစ်တင်သည့် ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော် (Congress) ကသာ လုပ်ပိုင်ခွင့်ရှိသည်။ ထို့ပြင် သမ္မတသည် နိုင်ငံတကာစာချုပ်များကို အထက်လွှတ်တော်ကိုယ်စားလှယ် ၃ ပုံ ၂ ပုံ၏ အကြံပြုချက်၊ သဘောတူညီချက်တို့ဖြင့် ချုပ်ဆိုရသည်။ အထက်လွှတ်တော်၏ အကြံပြုချက်၊ သဘောတူညီချက်တို့ဖြင့် သံတမန်များ၊ ဝန်ကြီးများ၊ ဖက်ဒရယ် တရားသူကြီးများနှင့် အစိုးရဌာနများ၏ အကြီးအကဲများဖြစ်သော Secretary of State စသည့် ဝန်ကြီးများအပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အခြားသောအဆင့်မြင့် အရာရှိများ ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ရသည်။

နိုင်ငံအခြေအနေပေါ်မူတည်၍ နိုင်ငံတော်သမ္မတသည် အခါအားလျော်စွာ တစ်နှစ်လျှင်တစ်ကြိမ် လွှတ်တော်၏အကြံပြုချက်ကို တောင်းဆိုရသည်။ နိုင်ငံတော် သမ္မတသည် ထူးခြားသောအခြေအနေများဖြစ်ပေါ်လျှင် လွှတ်တော်ကို ကျင်းပခြင်းနှင့် ရွှေ့ဆိုင်းခြင်း သံတမန်ခန့်အပ်မှုလက်ခံခြင်း၊ အမေရိကန်ပြည်ထောင်စု၏ အစိုးရ အရာရှိများကို ခန့်အပ်ခြင်းများ ဆောင်ရွက်ရပြီး ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက် ရသည်။ သမ္မတ၊ ဒုတိယသမ္မတနှင့် အမေရိကန် ပြည်ထောင်စု၏အစိုးရအရာရှိများ အားလုံးကို နိုင်ငံတော်သစ္စာဖောက်ခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းနှင့် ကြီးလေးသော ပြစ်မှုများကျူးလွန်ခြင်းတို့ဖြင့် စွပ်စွဲပြစ်တင်ပြီး ရာထူးဖယ်ရှားနိုင်ပါသည်။

## (ဂ) တရားစီရင်ရေး

အမေရိကန်နိုင်ငံ၏တရားစီရင်ရေးသည် Common Law Legal System ကို ကျင့်သုံးသော တရားစီရင်ရေးစနစ်ဖြစ်ပါသည်။ တရားစီရင်ရေးစနစ်တွင် ဖက်ဒရယ် တရားစီရင်ရေး (Federal Judicial System) (ခေါ်) ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် ပြည်နယ်တရားစီရင်ရေးစနစ် (States’ Judicial System) (ခေါ်) ပြည်နယ် တရားလွှတ်တော်များပါဝင်ပြီး ဗဟိုထိန်းချုပ်မှုလျှော့ချသော တရားစီရင်ရေးစနစ် (Decentralized Judicial System) ဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သည် အမြင့်ဆုံးတရားရုံးချုပ်ဖြစ်ပြီး ဖက်ဒရယ်တရားစီရင်ရေး (Federal Judiciary)

တွင် ဖွဲ့စည်းထားသောတရားရုံးများ နှင့် ပြည်နယ်တရားစီရင်ရေး (State Judiciary) တို့၏ နောက်ဆုံးအယူခံနိုင်သည့်တရားရုံး ဖြစ်ပါသည်။ ဖက်ဒရယ် တရားလွှတ်တော်ချုပ်တွင် တရားသူကြီးချုပ် (၁) ဦးနှင့် တွဲဖက်တရားသူကြီး (၈) ဦး စုစုပေါင်း တရားသူကြီး (၉) ဦး ပါဝင်သည်။

ဖက်ဒရယ်တရားသူကြီးများကို သမ္မတက အဆိုပြုပြီး ပြည်ထောင်စုလွှတ်တော် (Congress)က ခန့်အပ်သည်။ ဖက်ဒရယ်တရားသူကြီးများသည် သက်တမ်းပြည့် (for life) တာဝန်ထမ်းဆောင်နိုင်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဖက်ဒရယ် တရားရုံးများတွင် တာဝန်ထမ်းဆောင်သော တရားသူကြီးများသည် အကျင့်သိက္ခာ သမာဓိ (reputation) ကောင်းမွန်ပြည့်စုံရမည်။

ပြည်ထောင်စုလွှတ်တော် (Congress) သည် မူလတရားရုံးများကို အခါအားလျော်စွာ ဖွဲ့စည်းနိုင်သည်။

ဖက်ဒရယ်တရားစီရင်ရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်တွင်းဥပဒေများ (Federal Laws) နှင့် နိုင်ငံတကာစာချုပ်များမှ ပေါ်ပေါက်သော အမှုများ၊ နိုင်ငံခြား ကိုယ်စားလှယ်များနှင့် သက်ဆိုင်သောအမှုများ၊ ရေတပ်နှင့် ပင်လယ်ရေကြောင်း စီရင်ပိုင်ခွင့်ဆိုင်ရာအမှုများ၊ အမေရိကန်ပြည်ထောင်စု ပါဝင်ပတ်သက်နေသော အမှုများ၊ ပြည်နယ်အချင်းချင်း ဖြစ်ပွားသောအမှုများ၊ ပြည်နယ်တစ်ခုနှင့် အခြားပြည်နယ် တစ်ခုတို့ရှိ နိုင်ငံသားများအကြား ဖြစ်ပွားသောအမှုများ၊ ပြည်နယ်တစ်ခုရှိ နိုင်ငံသား နှင့် အခြားပြည်နယ်ရှိ နိုင်ငံသားများအကြားဖြစ်ပွားသောအမှုများနှင့် ပြည်နယ်တစ်ခု သို့မဟုတ် အဆိုပါပြည်နယ်၏ နိုင်ငံသားများနှင့် နိုင်ငံခြားတိုင်းပြည်များ၊ အဆိုပါ နိုင်ငံများ၏ နိုင်ငံသားများနှင့်ဖြစ်ပွားသော အမှုများကို စီရင်ပိုင်ခွင့်ရှိသည်။ ဖော်ပြပါကိစ္စရပ်များတွင် Judicial Review (ခေါ်) Constitutional Review ကို ဆောင်ရွက်နိုင်သည့် စီရင်ပိုင်ခွင့်များကို အပိုဒ် ၃ ပုဒ်မ ၂ တွင် ပြဋ္ဌာန်းထားပါသည်။

ပြည်နယ်တရားသူကြီးများ ရွေးချယ်ခြင်းသည် တစ်ပြည်နယ်နှင့် တစ်ပြည်နယ် ရွေးချယ်ခန့်အပ်မှုမတူညီသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်နယ်အများစုရှိ ပြည်နယ်တရားသူကြီးများကို ရွေးချယ်ရေးအဖွဲ့က အမည်စာရင်း တင်သွင်းမှုအပေါ် ပြည်နယ်အုပ်ချုပ်ရေးမှူးများ (Governors) မှ ရွေးချယ်ပြီး ပြည်နယ်လွှတ်တော်မှ ခန့်အပ်ပါသည်။ တစ်ချို့ပြည်နယ်များတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးများ (Governors) က တိုက်ရိုက်ရွေးချယ်ပြီး လွှတ်တော်မှ ခန့်အပ်ခြင်းလည်းရှိပါသည်။ South Carolina နှင့် Virginia ပြည်နယ်တို့တွင် ပြည်နယ်တရားသူကြီးများကို လွှတ်တော်ကိုယ်စားလှယ်

များမှ ရွေးချယ်ပါသည်။ တရားသူကြီးများ၏ သက်တမ်းသည်လည်း ပြည်နယ်တစ်ခု နှင့် တစ်ခု မတူကွဲပြားမှုများရှိပါသည်။

ပြည်နယ်တရားရုံးများသည် **ပြည်နယ်ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊** လင်မယားကွာရှင်းခြင်း၊ ကလေးထိန်းသိမ်းစောင့်ရှောက်သည့် ကိစ္စရပ်များ၊ သေတမ်းစာ အတည်ပြုခြင်းနှင့် အမွေဆက်ခံခြင်း ကိစ္စရပ်များ၊ အိမ်ခြံမြေပြဿနာများ၊ ပြစ်မှုများ၊ ပဋိညာဉ်စာချုပ်စာတမ်းအငြင်းပွားမှုများ၊ ယာဉ်စည်းကမ်းချိုးဖောက်မှုများ နှင့် ပုဂ္ဂိုလ်ရေး ထိခိုက်အနာတရဖြစ်သောအမှုများ စသည့်အမှုများကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

ပြည်နယ်တရားသူကြီးများသည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖက်ဒရယ် ဥပဒေများနှင့် နိုင်ငံတကာစာချုပ်များကို လေးစားလိုက်နာရမည်ဖြစ်သည်။ ပုဂ္ဂိုလ် တစ်ဦးချင်းသည် ဖက်ဒရယ်ဥပဒေ သို့မဟုတ် ဖက်ဒရယ်အခွင့်အရေးများ ပါဝင်သော အမှုများကို ပြည်နယ်တရားရုံးမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်နိုင်ပါသည်။

## ၅။ တရားရုံးများဖွဲ့စည်းခြင်း

### (က) ဖက်ဒရယ်တရားရုံးများ သို့မဟုတ် ဗဟိုတရားရုံးများ

ဖက်ဒရယ်တရားစီရင်ရေး (Federal Judicial System) တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ အယူခံတရားရုံးများ (Federal Circuit Courts of Appeal) နှင့် ခရိုင်တရားရုံးများ (Federal District Courts) တို့ဖြင့် ဖွဲ့စည်းထားသည်။

### (ခ) ဖက်ဒရယ် ခရိုင်တရားရုံးများ

ခရိုင်တရားရုံးများ (Federal District Courts) သည် ဖက်ဒရယ်တရားစီရင်ရေး တွင် ကနဦးမူလစွဲဆိုသောရုံး (First Instance) ဖြစ်ပါသည်။ ခရိုင်တရားရုံးများမှ အယူခံတရားရုံးများ (Federal Circuit Courts of Appeal) သို့ အယူခံဝင်နိုင်သည်။ သို့သော် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ပြန်လည် သုံးသပ်သည့်ကိစ္စမှတစ်ပါး အမှုများအားလုံးသည် အယူခံတရားရုံးများ (Federal Circuit Courts of Appeal)တွင် အပြီးအပြတ်အတည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ပြန်လည်သုံးသပ်သည့်ကိစ္စများကို တရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းနိုင်ပါသည်။ ခရိုင်တရားရုံးများကို ပြည်နယ်တစ်ခုစီတွင် အနည်းဆုံး တစ်ရုံး တည်ထောင်ထားရှိပါသည်။

### (ဂ) ဖက်ဒရယ်တရားစီရင်ရေးအရ တည်ထောင်ထားသော သီးခြားတရားရုံးများ

သီးခြားတရားရုံးများမှာ စစ်တရားရုံး၊ အခွန်ရုံး (Tax Court) ၊ ငွေကြေးဆိုင်ရာ တောင်းဆိုသော တရားရုံး (Court of Claims)၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာတရားရုံး ( Court of International Trade) နှင့် နိုင်ငံခြားထောက်လှမ်းရေးတရားရုံး (Foreign Intelligence Surveillance Court) စသည့် တရားရုံးများ ဖြစ်ပါသည်။ သီးခြားတရားရုံးများသည် သက်ဆိုင်ရာအလိုက်သတ်မှတ်ထားသော ဖက်ဒရယ်အယူခံ တရားရုံးများမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထိ အယူခံဝင်နိုင်သည်။

### (ဃ) ပြည်နယ်တရားရုံးများ

အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ် (၅၀) ရှိသည့်အနက် ပြည်နယ်တစ်ခုချင်းစီတွင် သီးခြားတရားရုံး စနစ်တစ်ခုစီ ဖွဲ့စည်းထားရှိသည်။ ပြည်နယ်များတွင် ပြည်နယ်တရားလွှတ်တော်ချုပ်၊ တစ်ဆင့်မြင့်အယူခံရုံး (Intermediate Appellate Court) နှင့် မူလတရားရုံး (Trial Court) တို့ဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်နိုင်ကြောင်း တွေ့ရှိရပါသည်။

## ၆။ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Judicial Review)

တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ခြင်း (Judicial Review) ဆိုသည်မှာ ဥပဒေပြုခြင်း သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်သည့် တရားစီရင်ပိုင်ခွင့်အာဏာ ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စု၏ တရားလွှတ်တော်ချုပ်သည် ပြစ်မှုဆိုင်ရာ သို့မဟုတ် တရားမမှုဆိုင်ရာ နှင့် တစ်ခြားသောစီရင်ချက်၊ ဆုံးဖြတ်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုခြင်း သို့မဟုတ် အုပ်ချုပ်ရေးဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်နိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းရန် အခွင့်အာဏာကို အပ်နှင်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ခြင်း (Judicial Review or Constitutional Review) ၏ စီရင်ပိုင်ခွင့်ကို တရားလွှတ်တော်ချုပ်နှင့် ဖက်ဒရယ်အခြေစိုက် တရားရုံးများတွင် လည်းကောင်း၊ ပြည်နယ်များ၏ ပြည်နယ်တရားလွှတ်တော်ချုပ်များ (State

Supreme Courts) နှင့် ယင်း၏လက်အောက်ခံ တရားရုံးများတွင်လည်းကောင်း စစ်ဆေးသောအမှုများ၌ Constitutionality နှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း တွေ့ရပါသည်။ ထိုသို့စီရင်ဆုံးဖြတ်ရာတွင် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Judicial Review) သည် အဆင့်ဆင့် အယူခံတက်နိုင်ကြောင်းတွေ့ရခြင်းကြောင့် Diffuse System အတွင်းမှ စီရင်ပိုင်ခွင့်ကို Decentralized လုပ်၍ ကျင့်သုံးကြောင်း တွေ့ကြရပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဖက်ဒရယ်နှင့် ပြည်နယ်အကြား အငြင်းပွားမှုများ၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အငြင်းပွားမှုဖြစ်စေသော ဖက်ဒရယ်ဥပဒေများကိုပျက်ပြယ်စေခြင်း၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖက်ဒရယ်ဥပဒေများနှင့် နိုင်ငံတကာစာချုပ်များကို ဆန့်ကျင်သော ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ပြဋ္ဌာန်းဥပဒေများတွင်ပါရှိသော ပြဋ္ဌာန်းချက်များကို ပျက်ပြယ်စေခြင်းစသည့် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းကိစ္စများကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်ကို တွေ့ရှိရပါသည်။

အမေရိကန်ပြည်ထောင်စု၏ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းကို ကျင့်သုံးခြင်းသည် ၁၇၇၆ ခုနှစ် မှ ၁၇၈၇ ခုနှစ်တွင် ပြည်နယ် (၁၃) ပြည်နယ်မှ အနည်းဆုံး (၇) ပြည်နယ်၏တရားရုံးများက ဆောင်ရွက်ခဲ့ပြီး ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်သော ပြည်နယ်ဥပဒေများကို ပျက်ပြယ်စေခဲ့သည်။

**Constitutinal Convention တွင် တင်သွင်းသည် အဆိုပြုချက်များမှ ကောက်နုတ်တင်ပြချက်** - ၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းရန်အတွက် ၁၇၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံကို ကျင်းပပြီးဆွေးနွေးမှုများပြုလုပ်ရာတွင် “Virginia Plan” တစ်ခုကို ဖော်ဆောင်ခဲ့သည်။ “Virginia Plan” တွင် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့်စပ်လျဉ်းသည့် သဘောထားအမြင်များ ဆွေးနွေးပြီး “ပြန်လည်စိစစ်ခြင်းကောင်စီ (Council of Revision)” ဖွဲ့စည်းရန် အဆိုပြုခဲ့ပါသည်။ အဆိုပါကောင်စီသည် အဆိုပြုသောဖက်ဒရယ်ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ စိစစ်ပြီး လက်ခံခြင်း၊ ပယ်ဖျက်ခြင်းတို့ဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ ညီလာခံတွင် ပါဝင်သောကိုယ်စားလှယ်များမှ ဖက်ဒရယ်တရားစီရင်ရေးပုံစံကို မထောက်ခံခြင်း၊ ကောင်စီတွင် သမ္မတနှင့်အတူ ဖက်ဒရယ်တရားသူကြီးများ ပါဝင်ခြင်းကို သဘောမတူခြင်းနှင့် ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ထပ်မံစိစစ်ခြင်းတို့ကို လက်မခံခြင်းစသည့် အငြင်းပွားမှုများ ရှိခဲ့ပါသည်။

တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်သူများမှ ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခွင့်ကို တရားသူကြီးများသို့ အာဏာပေးအပ်ထားခြင်းသည် အာဏာများကို ပိုင်းခြားသည့်စနစ်တစ်ခုဖြစ်ကြောင်း၊ ဥပဒေပြုအာဏာကို အလွန်အကျွံကျင့်သုံးခြင်းမှကာကွယ်ရန် ဥပဒေပြုအဖွဲ့များအပေါ် စစ်ဆေးခြင်းဖြစ်ကြောင်း သဘောတရားများကို ညွှန်ပြခဲ့ပါသည်။ ညီလာခံတွင် မဲဖြင့်ဆုံးဖြတ်ရာ ဆန္ဒမဲအများစုဖြင့် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းကို ထောက်ခံခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ပြုရေးကို အထောက်အကူဖြစ်စေရန်အတွက် ထုတ်ဝေသော ဖက်ဒရယ်စာတမ်းများတွင် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြမှုများပြုလုပ်ခဲ့သည်။

ထို့နောက် ၁၇၈၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၊ ပုဒ်မ ၂ နှင့် ပုဒ်မ ၆ အပိုဒ်ခွဲ (၂) တို့တွင် တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ခြင်း (ခေါ်) ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ခြင်းတို့ကို ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ၁၇၈၉ ခုနှစ်တွင် ပြဋ္ဌာန်းသည့် တရားစီရင်ရေးအက်ဥပဒေ (Judiciary Act) တွင် ဖက်ဒရယ်ဥပဒေများနှင့် ပြည်နယ်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ပေါ်ပေါက်စေသော ပြည်နယ်တရားရုံး၏ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အာဏာပေးအပ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

တရားစီရင်ရေးဆိုင်ပြန်လည်သုံးသပ်ခြင်းကို ပြဆိုခဲ့သည့် Marbury Vs Madison (1803)[၅] အမှုသည် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သောဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိ၍ ပျက်ပြယ်ကြောင်း တရားလွှတ်တော်ချုပ်က ပထမဆုံး ဆုံးဖြတ်ခဲ့သောအမှု ဖြစ်ပါသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စု၏ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခဲ့သော အမှုများထဲမှ အထင်ကရအမှုတစ်ခုဖြစ်ခဲ့ပါသည်။

အဆိုပါအမှုတွင် “ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အဓိကဥပဒေဖြစ်ခြင်းကြောင့် ပြဋ္ဌာန်းဥပဒေတစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ကွဲလွဲနေပါက ပျက်ပြယ်ကြောင်း” တရားသူကြီး Marshall က မှတ်ချက်ချခဲ့သည်။

[၅] Marbury Vs Madison, 5 U.S. (1 Cranch), 137, 1803.

တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့်စပ်လျဉ်း၍ ၁၆၁၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံ၌ ဆုံးဖြတ်ခဲ့သော Dr. Bonham's[၆] အမှုသည် Marbury အမှုထက်ပို၍ ရှေးကျခဲ့ပါသည်။ ယင်းအမှုသည် မူလတရားရုံးနှင့် အယူခံတရားရုံး တရားသူကြီးများက ပြုလုပ်သည့် အင်္ဂလိပ်ရိုးရာဥပဒေစနစ်က ချမှတ်သော ဆုံးဖြတ်ချက်များကို တစ်ဆင့်ခံဖြစ်သည့် အင်္ဂလိပ်ပါလီမန်က အတည်ပြုသည့် ဥပဒေပြဋ္ဌာန်းသည့်မှုနှင့် ယင်းမည်သည့် ပြဋ္ဌာန်းဥပဒေမဆို "Common Right and Reason" ဖြင့် ဆန့်ကျင်ပါက ပျက်ပြယ်ကြောင်း ကြေညာရမည်ဟူသောမူကို အခြေခံခဲ့ပါသည်။

တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ခြင်း အယူအဆဖြစ်သည့် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့က ပြဋ္ဌာန်းသောဥပဒေများကို တရားမဝင်နိုင်ကြောင်း ပြန်လည်သုံးသပ်ခွင့်အာဏာသည် အင်္ဂလိပ်ရိုးရာဥပဒေစနစ်ကျင့်သုံးသော ဗြိတိသျှနှင့် အမေရိကန်ပြည်ထောင်စုတို့က အဓိကမဏ္ဍိုင်အဖြစ် ပေါ်ပေါက်ခဲ့သည်။

အင်္ဂလန်နိုင်ငံတွင် ပါလီမန်၏အာဏာသည် ကြီးမားပြီး အာဏာရှင်ဆန်သော ပါလီမန်စနစ်သို့ ဦးတည်နေခြင်းကြောင့် အမေရိကန်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲရာတွင် တရားစီရင်ရေးအဖွဲ့သည် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတို့အပေါ် ထိန်းကျောင်းနိုင်သည့် အဖွဲ့အစည်းအဖြစ် ဖော်ဆောင်ရန်ရည်ရွယ်ခဲ့ပြီး တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှုသဘောတရားကို Dr. Bonham's Case မှ တရားသူကြီး Cobe's ၏ အယူအဆသဘောထားကို ဦးဆောင်လမ်းပြအဖြစ် ယူခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

အမေရိကန်ပြည်ထောင်စုတွင် တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ခြင်းကို ကျင့်သုံးသော ပုံစံသည် "the American Model of Constitutional Review is characterized by decentralized review exercised at every level of judiciary, with a Supreme Court at the top. An important feature of this model is that review takes place only in a concrete dispute, or a "case or controversy"[၇] ဟု ရှင်းလင်းတင်ပြထားပါသည်။

---

[၆] Dr. Bonham's Case & Co. Rep. 114 (Court of Common Plees), 1610.

[၇] As the U.S Supreme Court has noted "it is a basic principle of Article (1) of the Constitution that a justiciable case or controversy must remain extant at all stages of review." See Arizonans for official English v. Arizona. 520 U.S. 43, 67 (1997).

သို့ဖြစ်ပါ၍ အမေရိကန်ပြည်ထောင်စုတွင် တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ခွင့်အာဏာသည် မူလတရားရုံးများသို့ပေးအပ်ထားပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဆောင်ရွက်ပိုင်ခွင့် အမြင့်ဆုံးဖြစ်ပါသည်။

## ၇။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနည်းလမ်း

ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် လွှတ်တော်နှစ်ရပ် (Senate and House of Representatives) မှ ၃ ပုံ ၂ ပုံ သော လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များကို အဆိုပြုလျှင် သို့မဟုတ် ပြည်နယ်ဥပဒေပြုအဖွဲ့များ၏ ၃ ပုံ ၂ ပုံက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံကျင်းပပေးရန် လွှတ်တော်သို့ တောင်းဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သည်။ ထို့နောက် ပြည်နယ်ဥပဒေပြုအဖွဲ့များ သို့မဟုတ် ညီလာခံများမှ ၄ ပုံ ၃ ပုံသော ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ အားလုံးကို အတည်ပြုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်သည် တရားဝင်အတည်ဖြစ်သည်။

ထူးခြားချက်တစ်ခုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းတွင် ပြင်ဆင်၍မရနိုင်သော ပြဋ္ဌာန်းချက်များ (unamendable provisions) များကို ပြဋ္ဌာန်းထားပါသည်။ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များသည် ၁၈၀၈ ခုနှစ် မတိုင်မီက ခွင့်ပြုသည့် အကြောင်းအရာများဖြစ်သော အပိုဒ် ၁ ပုဒ်မ ၉ အပိုဒ်ခွဲ (၁) အရ ပြည်နယ်များတွင် နေထိုင်သူများ၏ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေများ၊ အပိုဒ် ၁ ပုဒ်မ ၉ အပိုဒ်ခွဲ (၄) အရ အခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ထိခိုက်စေသော ပြဋ္ဌာန်းချက်ဖြစ်လျှင် ပြင်ဆင်ခွင့်ကို တားမြစ်ထားပါသည်။[၈]

---

[၈] Article V – The Congress, whenever two thirds of both Houses shall deem it necessary, shall propose Amendments to this Constitution, or, on the Application of the Legislatures of two thirds of the several States, shall call a Convention for proposing Amendments, which, in either Case, shall be valid to all Intents and Purpose, as Part of this Constitution, when ratified by the legislature of three fourths of the several States, or by Conventions in three fourths thereof, as the one or the other Mode of Ratification may be proposed by the Congress; Provided that no Amendment which may be made prior to the Year One thousand eight hundred and eight shall in any Manner affect the first and fourth Clauses in the Ninth Section of the first Article; and that no State, without its Consent, shall be deprived of its equal Suffrage in the Senate.

**နိဂုံး**

အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်စနစ် ကျင့်သုံးသည့် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါသည်။ အမေရိကန် ပြည်ထောင်စုသည် Montesquieu သီအိုရီသဘောတရားအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် နိုင်ငံတော်အာဏာ (၃) ရပ်ကို ပြည်ထောင်စုတွင် ပိုင်းခြား ကျင့်သုံးသည့်အပြင် ပြည်နယ်များကိုလည်း ခွဲဝေပေးသည့် ဗဟိုချုပ်ကိုင်မှု လျော့ချ သည့် (Decentralized System) ကို ကျင့်သုံးခဲ့ပါသည်။ အဆိုပါ အာဏာ(၃) ရပ်တို့မှ အာဏာကျင့်သုံးခြင်း လွန်ကဲမှုမဖြစ်စေရန် အပြန်အလှန်ထိန်းကျောင်းခြင်း (Check and Balance System) ကို ကျင့်သုံးခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အာဏာများနှင့်လုပ်ပိုင်ခွင့်များကို တိကျစွာပိုင်ခြားထားပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ လွှမ်းမိုးမှု (supremacy of constitution) သဘောတရားရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တည်ထောင်ထားသော အမေရိကန်ပြည်ထောင်စုအတွင်းသို့ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့်စပ်လျဉ်းသည့် ရည်ရွယ်ရင်းကို မပျက်ပြားစေရန် ပြင်ဆင်ခွင့် မရှိသော အပိုဒ်များကို unamendable clauses အဖြစ် ပြဋ္ဌာန်းထားသည်ကို လေ့လာ တင်ပြလိုက်ရပါသည်။